# Myanmar Technologies and Investment Corporation Public Co., Ltd. (MTI)

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နဝမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး

**အခမ်းအနားအစီအစဉ်**

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်မင်းဦးက ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း။

၄။ အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက Financial Position နှင့် လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းစဉ်များ အားတင်ပြခြင်း။

၅။ စာရင်းစစ်အဖွဲ့ဝင်တစ်ဦးက စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း။

၆။ အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၇။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၈။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာအသစ်များအား အတည်ပြုခြင်း။

၉။ ၂၀၂၂-၂၀၂၃ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက အမှာစကားပြောကြားခြင်း။

၁၀။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်းကြေညာခြင်း။

| | | |
|---|---|---|
| နေ့ရက် | - | ၂၅-၀၆-၂၀၂၂ (စနေနေ့) |
| အချိန် | - | မွန်းလွဲ (၂:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | - | Zoom Video Conference (Online) |

**အစီအစဉ် (၁) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီးနောက် ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖွင့်လှစ်ကြောင်း၊ ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင်- "ယနေ့ကျင်းပပြုလုပ်သည့် AGM ကို လူကိုယ်တိုင်ကြွရောက်ပေးကြသော ဧည့်သည်တော်များ၊ ဒါရိုက်တာများ၊



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ZOOM Online မှတစ်ဆင့် တက်ရောက်ကြတဲ့ အစုရှယ်ယာရှင်လူကြီးမင်းများနှင့် **“Win Thin & Associate”** မှ ဧည့်သည်များ၊ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီ (MTI) သည် နှစ်စဉ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ပါဆိုလျှင် (၉) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ် AGM ကို Online ကမဟုတ်ပဲ ပြင်ပမှာ Physically ကျင်းပဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့လည်း အစုရှယ်ယာရှင်များရဲ့ လုံခြုံရေး၊ ကျန်းမာရေး စသည်များကို ထောက်ရှုပြီးတော့ Online ZOOM ကနေပဲ ကျင်းပတော့မယ်လို့ ကျွန်တော်များ ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ခဲ့ကြပါတယ်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီ စတင်တည်ထောင်ခဲ့စဉ်က မတည်ရင်းနှီးငွေ (Paid up Capital) မှာ (၁.၅ ဘီလီယံ)ကျပ်သာ ဖြစ်သော်လည်း Rights Issue ရှယ်ယာ (၃) ကြိမ်ခေါ်ယူပြီးနောက်ပိုင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များအတွက် အမြတ်ဝေစုများခွဲဝေရာမှာ ငွေသားမပေးပဲ အစုရှယ်ယာ (Bonus Share) များကိုသာပေးအပ်ခဲ့ခြင်းကြောင့် ယခုအခါ စုစုပေါင်းအစုရှယ်ယာ (၄၅၈,၀၉၇) စု၊ မတည်ရင်းနှီးငွေပမာဏ (Paid up Capital) မှာ ၅.၈ ဘီလီယံကျပ်ကျော်အထိ တိုးတက်လာခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းများရဲ့ ရှေ့အလားအလာများအား ထည့်သွင်းတွက်ချက်ထားခြင်းမရှိပဲ ယနေ့အထိ ရင်းနှီးမြှုပ်နှံထားခဲ့တဲ့လုပ်ငန်းများရဲ့ ပကတိတန်ဖိုးကို တွက်ချက်ရာမှာ (၁၀.၉၂) ဘီလီယံကျပ်ကျော်ရှိတာကို တွေ့ရှိကြရမှာပဲဖြစ်ပါတယ်။ စာရင်းစစ် အစီရင်ခံစာကိုလည်း အစုရှယ်ယာရှင်လူကြီးမင်းများအားလုံးသိရှိနိုင်ရန် ကျွန်တော်များ MTI ရဲ့ website ဖြစ်တဲ့ www.mti.com.mm မှာ တင်ထားပြီးဖြစ်ပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

အားလုံးသိကြပြီးဖြစ်တဲ့အတိုင်းပဲ အခက်အခဲများစွာကို ကျော်လွှားဖြတ်သန်းခဲ့ရတာတွေလည်းရှိခဲ့ပြီး၊ ဆက်လက်ဖြတ်သန်းနေရဆဲ အခက်အခဲများလည်းရှိပါတယ်။ သို့ပေမဲ့လည်းရနိုင်တဲ့အခြေအနေတစ်ခုမှာ ဖြစ်အောင်ကြိုးစားလုပ်ကိုင်ကြရတော့မဲ့ အချိန်ကာလတစ်ခုကို ရောက်နေပြီဆိုတာလည်း ကျွန်တော်တို့ အားလုံးနားလည်ထားကြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ MTI အများပိုင်ကုမ္ပဏီအနေနဲ့ ယခုအချိန်အထိ အဓိကရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းများရဲ့အခြေအနေကို အကျဉ်းချုပ်တင်ပြရရင်တော့ MTSH ကုမ္ပဏီဟာ အစုရှယ်ယာရှင်များအားလုံးကို နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ကျွန်တော်များ MTI ကုမ္ပဏီအနေနဲ့ ကျပ်ငွေ **၂.၅၉** ဘီလီယံကျပ်ကျော် ရရှိခဲ့ပြီးဖြစ်ပါသည်။ ဒါကြောင့် မိမိတို့ စတင်ရင်းနှီးမြှုပ်နှံခဲ့တဲ့ ကျပ်ငွေ **၁.၉၅ ဘီလီယံ** ကျပ်ထက်သာလွန်တဲ့ အမြတ်ဝေစုကိုပြန်လည်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် MTSH သည် လာမည့်



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

၃ နှစ် ၄ နှစ်တာကာလအတွင်း စီမံကိန်းဧရိယာများအားလုံး အဆုံးသတ်ပြီးစီးမယ်လို့လည်း မျှော်မှန်းထားပြီး၊ အခြားသော အလားအလာကောင်းတဲ့ **“ကြို့ကုန်းအိမ်ယာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း”** ကဲ့သို့သော လုပ်ငန်းကြီးများအပြင် အခြားသောကောင်းမွန်သည့် လုပ်ငန်းများကိုလည်း ဆက်လက်လုပ်ကိုင်ဖို့ကြိုးစားနေပါတယ်။ MTSH အများပိုင်ကုမ္ပဏီဟာ ယနေ့အထိ ကြွေးမြီကင်းရှင်းတဲ့ အလားအလာအကောင်းဆုံး ပြည်တွင်းကုမ္ပဏီ တစ်ခုအဖြစ် ရပ်တည်လျှက်ရှိနေပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

ကျွန်တော်များ MTI ကုမ္ပဏီဟာ Myanmar Payment Solution Services Co., Ltd. (MPSS) မှာ အစုရှယ်ယာ ၂၀ % ပါဝင်ရာမှ ၄၀ % အထိ တိုးမြှင့်ရင်းနှီးမြှပ်နှံဖို့ BOD များအားလုံးက ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ MPSS သည် Payment Gateway တစ်ခုကို တည်ဆောက်ပြီး ဘဏ်များ၊ Payment System များအားလုံးကို ချိတ်ဆက်ကာ ၎င်း၏ Payment Gateway Platform ပေါ်ကနေ အဆင်ပြေချောမွေ့စွာဖြင့် Transition များ ပြုလုပ်နိုင်ရန်စီစဉ်ဆောင်ရွက်လျှက်ရှိပြီး ပိုမိုစုံလင်သော Payment Method များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်နှင့်  လက်ရှိဈေးကွက်မှာ အသုံးများနေတဲ့ Global Card နှင့် Local Card များ၊ Digital Payment များ၊ Internet / Mobile Banking များဖြင့် ထပ်မံချိတ်ဆက်ကာ ၎င်း Service များကို ၂၀၂၂ ခုနှစ်၊ နှစ်ကုန်ပိုင်းခန့်မှာ Launch လုပ်ပြီး Market Positioning အားရယူနိုင်ရန်လည်း ကြိုးပမ်းလျှက်ရှိပါတယ်။

MTI ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင်ကုမ္ပဏီမှာ အစုရှယ်ယာ ၁၀.၇၆ % ပိုင်ဆိုင်ပါတယ်။ MNTH သည် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ပြီး တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာမှာ တာဝါတိုင်ပေါင်း ၃၅၀ ကျော်ရှိပြီး ၎င်းရဲ့ Value မှာ ဒေါ်လာသန်း (၅၀) ကျော် ရှိပါတယ်။ လစဉ် Revenue ကတော့ ကျပ်သန်း (၈၀၀)ကျော်ရရှိနေပါတယ်။ အများနည်းတူ အကြပ်အတည်းများကို ရင်ဆိုင်နေရတယ် ဆိုသော်လည်း ကောင်းမွန်စွာလုပ်ငန်းများ လည်ပတ်နိုင်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိနေပြီလို့ ကြားသိရတဲ့ အပြင် ၂၀၂၄ ခုနှစ်မှစတင်ကာ အမြတ်ဝေစုများ စတင်ခွဲပေးရန်လည်း အစီအစဉ်ရှိသည်တယ်လို့ အကြမ်းဖျင်း သိရပါတယ်။ MNTH ကုမ္ပဏီဟာ Mytel မှာ အစုရှယ်ယာ ၁၂ % ကိုပိုင်ဆိုင်ထားပါတယ်။ ယခုလတ်တလောအခြေအနေမှာတော့ MPT နှင့် Mytel ဟာ Telecom ဈေးကွက်ရဲ့ပထမနေရာကို လုနေသည့် အနေအထား ဖြစ်ပြီး၊ “ပူးတွဲပထမ” လို့ပင် ပြောလို့ရကာ အခြေအနေကောင်းသည်ဟုပြောရမှာဖြစ်ပါတယ်။

ယခုအခါ MTI အများပိုင်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံတစ်ခုတည်းကိုသာ လုပ်ကိုင်နေခြင်းမဟုတ်တော့ဘဲ ပုံမှန်ဝင်ငွေများရရှိစေမည့် Operation လုပ်ငန်းရပ်များကိုလည်းလုပ်ကိုင်လျက်ရှိနေပြီဖြစ်ပါတယ်။  IT Team,



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

BD Team များဖွဲ့စည်းပြီး Software ရေးဆွဲလျှက်ရှိရာမှာ Inventory Management System, E-voting System, STT Car Service Map, Corporate Website, MMPRODA (Made in Myanmar App), Lucky Draw Application, RQMS, Auctions Website စသည်တို့ကို ရေးဆွဲပြီးဖြစ်တဲ့အပြင် လက်ရှိမှာလည်း Project အသစ်များထပ်မံရရှိထားပါတယ်။ ၂၀၂၀ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ LOYAR MYANMAR ကုမ္ပဏီဟာလည်း ပထမဦးဆုံး Product ဖြစ်တဲ့ **"လိုရာအပ်ပလီကေးရှင်း"** အား ထုတ်လုပ်ထားပြီး **"လိုရာသွား"** နှင့် **"လိုရာပို့"** Mobile App များ ရေးဆွဲကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် စတင်လုပ်ဆောင်နေတာဆိုရင်လည်း အတော်ပင်ခရီးရောက်နေပြီလို့ပြောရမှာပဲဖြစ်ပါတယ်။ MTI ရဲ့ အစုရှယ်ယာရှင်လူကြီးမင်းများအနေနဲ့လည်း လူကြီးမင်းတို့ရဲ့ ကုမ္ပဏီနဲ့ဝန်ထမ်းများ၊ အခြားသောနီးစပ်ရာပတ်ဝန်းကျင်များမှာလည်း **"လိုရာအပ်ပလီကေးရှင်း"** ကို အသုံးပြုကြဖို့ ဝိုင်းဝန်းနိုးစော်ပေးကြစေလိုပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များက အမြတ်ဝေစုအနေနဲ့ Bonus Share များ ပေးအပ်နိုင်ခဲ့ပေမဲ့လည်း ယခုနှစ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာတော့ အမြတ်ဝေစုများ မပေးရန် ကျွန်တော်များ ဒါရိုက်တာအဖွဲ့ကဆုံးဖြတ်ခဲ့တဲ့အပေါ် အစုရှယ်ယာရှင်လူကြီးမင်းများအနေဖြင့်လည်း နားလည်သဘောပေါက်လိမ့်မည်ဟုမျှော်လင့်မိပါတယ်။

နိဂုံးချုပ်အနေဖြင့် MTI ကုမ္ပဏီရဲ့ သက်တမ်းသည် (၉) နှစ်ကျော် (၁၀)နှစ်တာကာလအတွင်း ချင်းနင်းဝင် ရောက်လာခဲ့ပြီဖြစ်ပြီး စတင်တည်ထောင်စဉ်ကတည်းက ယခုအချိန်အထိ စဉ်ဆက်မပြတ် ယုံကြည်စွာရင်းနှီးမြှုပ်နှံ ထောက်ခံမှုပေးခဲ့တဲ့ အစုရှယ်ယာရှင်လူကြီးမင်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ဆက်လက်ပြီး ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးနဲ့ CEO တို့ကလည်း ဒါရိုက်တာအဖွဲ့ရဲ့အစီရင်ခံစာနဲ့ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။" ဟုပြောကြားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်မင်းဦးက ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြရာတွင် လူကိုယ်တိုင်ကြွရောက်လာကြတဲ့ ဆရာဦးသိန်းဦးနှင့် ဆရာဦးခွန်ဦးအပါအဝင် MTI ရဲ့ Board အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဧည့်သည်တော်များ Online ကနေ တက်ရောက်ပေးကြတဲ့ အစုရှယ်ယာရှင်ကြီးများအား မင်္ဂလာရှိပြီး ကောင်းမွန်သောနေ့ရက်တစ်ရက် ဖြစ်ပါစေလို့ ဦးစွာဆုတောင်းပေးစေလိုပါကြောင်း၊ ပြီးခဲ့တဲ့နှစ်ကလည်း ကျွန်တော်ပဲပြောခဲ့ရပြီး ယခုအခါ (၉) နှစ်တာအချိန်ကာလသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ ကျွန်တော်တို့ဝန်ခံရမှာက အခုထိ အမြတ်မပေးနိုင်သေးတာကို ကျွန်တော်များ Board အဖွဲ့ရဲ့ကိုယ်စား ကျွန်တော်စိတ်မကောင်းပါကြောင်း၊ အမြတ်ပေးချင်ပေမဲ့လည်း ပေးလို့မရသေး

ကြောင်း၊ ဂဏန်းအရတော့ စောစောက ဥက္ကဋ္ဌပြောခဲ့သလိုပဲ ထည့်ထားခဲ့တာက (၄) ဘီလီယံကျော်သာရှိပြီး လက်ရှိရင်းနှီးမြှုပ်နှံထားတာတွေရဲ့တန်ဖိုးက (၁၀) ဘီလီယံကျော်ရှိကြောင်း၊ ဒါက ပကတိတန်ဖိုးပဲဖြစ်ပြီး ကျွန်တော့်ကို အခုပြောစေချင်တာကတော့ ရှေ့အနာဂတ်မှာ ဘယ်လိုကောင်းတယ်ဆိုတာဖြစ်ကြောင်း၊ ကျွန်တော်အနေနဲ့ ဂဏန်းတချို့ကို ပြောပြရရင် MTI ရဲ့ ရင်းနှီးမြှုပ်နှံထားတာများထဲက (၆) ဘီလီယံကျပ်ကျော်သည် MNTH မှာ ရင်းနှီးမြှုပ်နှံထားတာဖြစ်ကြောင်း၊ ကျန်တာကတော့ MTSH မှာဖြစ်ပြီး အခြေအနေကောင်းတယ်လို့ပဲပြောရမှာဖြစ်ကြောင်း၊ ဒီနေရာမှာတော့ MNTH ရဲ့ကိစ္စကိုပဲ အဓိကထားပြီးပြောချင်ပါကြောင်း၊ MNTH သည် ခန့်မှန်းချေအားဖြင့် (၆၀) ဘီလီယံကျပ်နီးပါး ရင်းနှီးမြှုပ်နှံထားတဲ့ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ သူကအားလုံးသိတဲ့အတိုင်းပဲ Mytel မှာ Invest လုပ်ထားတာဖြစ်ပြီး၊ ဒီနေ့ Mytel ရဲ့ ရင်းနှီးမြှုပ်နှံမှုကတော့ 1 Billion USD ကျော်ဖြစ်ကြောင်း၊ လစဉ် Revenue ကတော့ (၉၀) ဘီလီယံကျပ်ရှိကာ၊ Operation Cost ကလည်း များပြီး 50 to 60 Billion MMK ရှိကြောင်း၊ ဘယ်အပေါ်မှာ မူတည်လည်းဆိုတော့ တချို့လများမှာ Repair ပြန်လုပ်ရတဲ့ကိစ္စတွေရှိတာကြောင့် အတက်အကျတော့ရှိကြောင်း၊ ခန့်မှန်းချေ (၃၀) ဘီလီယံကျပ်လောက် Profit ရကြောင်း၊ Supplier များထံကချေးထားတာတွေကိုပြန်ဆပ်ပြီးဖြစ်ရာ Shareholders များထံကချေးထားကိုပဲ ပြန်ဆပ်ရန်ကျန်ကြောင်း၊ အခုတော့ Shareholders များကို Interest များ ပြန်ပေးနေပြီး၊ ဒီနှစ်ကုန်ဆိုပါက Shareholders များထံကချေးထားတဲ့ချေးငွေကို ပြန်ဆပ်တော့မှာဖြစ်ရာ ခန့်မှန်းချေ (၂) နှစ်ခန့်ကြာမှာဖြစ်ပြီး အဲဒါပြီးပါက Dividend ပေးမှာဖြစ်ကြောင်း၊ MNTH အနေနဲ့ကတော့ ၂၀၂၅ နှစ်ကုန်ပိုင်းလောက်မှာ Dividend ပြန်ပေးမှာဖြစ်ကြောင်း၊ MNTH က (၆၀) ဘီလီယံကျပ်ရင်းနှီးမြှုပ်နှံထားပြီး Mytel မှာတော့ (၁၂ %) ပိုင်ဆိုင်ကြောင်း၊ ၎င်းအပြင် MNTH က တာဝါတိုင်လုပ်ငန်းကိုလည်း လုပ်ကိုင်နေရာ တစ်လလျှင် ကျပ်သန်း (၈၀၀) ကျော် ဝင်ငွေရှိကြောင်း၊ သူကလည်းဒီငွေကို Mytel သို့ Shareholder loan အနနဲ့ ဘဏ်ကနေချေးယူပြီး ပေးထားရတာကြောင့် ဒီဘဏ် Loan ရဲ့ interest ကို ပေးနေရကြောင်း၊ လောလောဆယ်တော့ သူ့ရဲ့အတိုးကို သူကာမိတဲ့ အနေအထားတော့ရှိကြောင်း၊ သူကတော့ ဘယ်မှာ Positive ပြန်ရလဲဆိုတော့ Mytel က သူချေးထားတဲ့ငွေရဲ့ Interest ကိုပြန်ပေးတဲ့အခါမှာတော့ Positive cash flow ပြန်ဖြစ်ကြောင်း၊ အခုက ဝင်တာနဲ့ ကုန်တာနဲ့က မတိမ်းမရိမ်းဖြစ်နေပြီး ဒီနှစ်ကုန်ဆိုရင်တော့ Positive ဖြစ်မည့်သဘောရှိကြောင်း၊ MNTH အား Future Value ဘာမှမပါဝင်ပဲတွက်ချက်ထားတာသည် (၁၂၀) ဘီလီယံကျပ်ခန့်တန်ကြောင်း၊ ဒါကြောင့် အစုရှယ်ယာရှင်များအနေနဲ့ ကိုယ်တိုင်တွက်ချက်ကြည့်လို့ရနိုင်ကြောင်း၊ ဒါကတော့ နံပါတ်(၁) အနေနဲ့ MNTH ရဲ့အခြေအနေ ကိုတင်ပြခဲ့တာပဲဖြစ်ပြီး၊ နောက်တစ်ချက်ကတော့ MPSS ကိစ္စပဲဖြစ်ကြောင်း၊ အကောင်းဆုံးကြိုးစား လုပ်ဆောင်လျှက်ရှိပါကြောင်း၊ Payment gateway လုပ်တာဖြစ်ပြီး အစိုးရ Project တချို့လည်းလုပ်ဆောင်တာရှိပြီး၊ လုပ်မယ်/ မလုပ်ဘူး သေချာစဉ်းစားချင့်ချိန်ရတာတွေလည်း ရှိကြောင်း၊ မိမိအနေနဲ့ အစုရှယ်ယာရှင်များကို Request လုပ်ချင်တာကတော့ Payment gateway အနေနဲ့ ကြည့်မယ်ဆိုပါက ကျွန်တော်တို့ရှေ့မှာ သွားနေတဲ့အဖွဲ့တစ်ခုရှိကြောင်း၊ ကျွန်တော်တို့ရဲ့ Payment gateway



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

က အခုအခါဈေးနှုန်းလည်းအတော်လေးလျှော့ထားကြောင်း၊ ဒါကြောင့် ရှယ်ယာရှင်များအနေနဲ့ ကိုယ်တိုင်ရှယ်ယာထည့်ထားတဲ့ ကုမ္ပဏီရဲ့လုပ်ငန်းကိုအသုံးပြုကြစေလိုပါကြောင်း၊ သုံးတဲ့သူတွေလည်း သုံးနေကြပြီဖြစ်ကြောင်း၊ အနှစ်ချုပ်အနေနဲ့ပြောရမည်ဆိုပါက ၂၀၂၄ အပြီး ၂၀၂၅ လောက်ဆိုပါက တစ်ဖက်က ရစရာရှိတာတွေရလာဖို့ရှိကြောင်း၊ ဒါရိုက်တာအဖွဲ့အနေနဲ့ကလည်း အခက်အခဲတွေကြားထဲကမှ လစဉ်ပုံမှန်ဝင်ငွေရရှိအောင် တွဲဖက်လုပ်ကိုင်ရမည့်လုပ်ငန်းတချို့ကို လုပ်ရန်ပြင်ဆင်ဆောင်ရွက်လျှက်ရှိကြောင်း၊ ကျွန်တော်အမြင်ကတော့ ၂၀၂၃ နောက်ပိုင်း MTI အနေနဲ့ နောက်လာမည့် အစီရင်ခံစာမှာတော့ Investment တစ်ခုတည်းကရတာမျိုးမဟုတ်တော့ပဲ Operation ကနေရတဲ့ ဝင်ငွေကို တင်ပြနိုင်မယ်လို့ ယုံကြည်ကြောင်း၊ အခုအချိန်အထိလိုအပ်ချက်လေးကြောင့် ရှယ်ယာရှင်များမျှော်မှန်းထားသလောက် မပေါက်ရောက်ခဲ့ရတာဟာ ကျွန်တော်များရဲ့ အားနည်းချက်ကြောင့်ဆိုတာကိုနားလည်ပေးကြဖို့နဲ့ ဆက်လက်ပြီးတော့လည်း ယုံယုံကြည်ကြည်နဲ့ အားပေးကြပါ၊ ဆက်လက်ပြီးတော့လည်း အကောင်းဆုံးကြိုးစားလုပ်ဆောင်မှာဖြစ်သလို နောက်နှစ်တွေမှာ Dividend ခွဲနိုင်အောင်ကြိုးစားလုပ်ဆောင်သွားမယ်ဆိုတာ ပြောကြားရင်းနိဂုံးချုပ်ပါကြောင်း၊ စသဖြင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

**အစီအစဉ် (၄) အရ** - အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက Financial Position နှင့် လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းစဉ်များ အားတင်ပြရာတွင် "အားလုံးပဲ မင်္ဂလာပါခင်ဗျာ" ဟု အစချီပြီး ကျွန်တော်အနေနဲ့ကတော့ MTI ရဲ့ လက်ရှိအခြေအနေမှာ ရှိနေတဲ့ Financial အခြေအနေနဲ့ လုပ်ဆောင်လျှက်ရှိတဲ့ လုပ်ငန်းများရဲ့ အနေအထားကို တင်ပြပေးသွားဖြစ်ကြောင်း၊ ပြောကြားပြီး Presentation slide များပြသရာ MTI အနေနဲ့ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်း (၆)ခုရှိကြောင်း၊ အများဆုံးရင်းနှီးမြှုပ်နှံထားတာကတော့ MNTH ကုမ္ပဏီပဲဖြစ်ပြီး (၆.၂၈) ဘီလီယံကျပ် ဖြစ်ကြောင်း၊ ဒုတိယကတော့ MTSH ဖြစ်ပြီး၊ (၄.၂) ဘီလီယံကျပ်ဖြစ်ကြောင်း၊ MNTH တွင် 10.73 % ဖြစ်ပြီး၊ MTSH မှာတော့ 4.09 % ဖြစ်ကြောင်း၊ တတိယတစ်ခုကတော့ Loyar Myanmar Co., Ltd. ဖြစ်ပြီး 100 % ရင်းနှီးမြှုပ်နှံထားကြောင်း၊ နောက်တစ်ခုကတော့ MPSS ဖြစ်ပြီး Payment gateway ကိုအကောင်အထည်ဖော်လုပ်ဆောင်လျှက်ရှိပြီး 33.78 % ပိုင်ဆောင်ကြောင်း၊ ကျန်တာကတော့ MCID နှင့် ကျောက်ဖြူတို့ဖြစ်ကြကာ စုစုပေါင်းရင်းနှီးမြှုပ်နှံထားတဲ့ ပမာဏကတော့ (၁၁) ဘီလီယံကျပ်ကျော်ဖြစ်ကြောင်း၊ လက်ရှိမှာ MTI ၌ အစုရှယ်ယာရှင်အရေအတွက် စုစုပေါင်း (၈၇)ဦးရှိပြီး၊ စုစုပေါင်းအစုရှယ်ယာအရည်အတွက် (၄၅၈,၀၉၇) စုရှိကြောင်း၊ အဲဒီမှာ ရှယ်ယာရှင်များရဲ့ အမှန်တကယ်ထည့်ဝင်ထားတဲ့ ရှယ်ယာအရည်အတွက် က (၄၁၆,၃၉၂) စုဖြစ်ပြီး Bonus Share အဖြစ် ပြန်ပေးခဲ့တာကတော့ (၄၁,၇၀၅) စုဖြစ်ကြောင်း၊ ဒီရှယ်ယာစုစုပေါင်းကို Investment ပမာဏနဲ့ ပြန်ပြီးတွက်ချက်လိုက်ပါက (၅.၈) ဘီလီယံ ရင်းနှီးမြှုပ်နှံမှုရှိတာ တွေ့ရမှာဖြစ်ကြောင်း၊ ဒါကြောင့် MTI က ရင်းနှီးမြှုပ်နှံထားမှုအားလုံးတန်ဖိုးက (၁၁) ဘီလီယံကျပ်ကျော်ဖြစ်ပြီး၊ Cash အနေဖြင့် ဘဏ်နှင့် Receivable က ကျပ်သိန်း (၂,၇၀၀) ကျော်ဖြစ်ကြောင်း၊ Payable အနေနဲ့ကတော့ ကျပ်သိန်း (၁,၁၀၀) ကျော်ဖြစ်ပြီး၊ Loan ယူထားတာက (၂.၂၇) ဘီလီယံကျပ်ဖြစ်ကာ ဒီအတွက်လည်း လစဉ် Interest ပေးနေ



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ရကြောင်း၊ ဒါတွေအားလုံးကို အချုပ်ချလိုက်ပါက အစုရှယ်ယာတစ်စုရဲ့ကြမ်းခင်းဈေးသည် (၁၉,၅၃၅) ကျပ်ဖြစ်ကြောင်း၊ ဒီတန်ဖိုးမှာ တခြားသောအလားအလာကောင်းတာတွေ ထည့်သွင်းတွက်ချက်ထားတာမရှိကြောင်း၊ လက်ရှိအနေအထားမှာ Current retained earning ကတော့ ကျပ်သိန်း (၅,၃၉၁) ဖြစ်ပြီး ဒီငွေတွေ ဘယ်ကရလာသလဲဆိုပါက MTSH က ရရှိခဲ့တဲ့ Dividend နှင့် MTSH ရှယ်ယာများအား ထုတ်ရောင်းခဲ့တာကြောင့်ရရှိခြင်းဖြစ်ကြောင်း၊ MTSH မှာ အစုရှယ်ယာစတင်ဝင်ခဲ့စဉ်က 5 % ဖြစ်ပြီး ယခုအခါမှာတော့ 4 % ကျော်သာရှိတော့ပါကြောင်း၊ စသဖြင့်ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး CEO က အရှေ့ပိုင်းမှာ Chairman နှင့် ဦးဇော်မင်းဦးတို့တင်ပြခဲ့ပြီးဖြစ်ပေမဲ့လည်း မိမိအနေနဲ့ ပိုမိုပြီးမြင်သာအောင် တင်ပြရမည်ဆိုပါက Mytel ကြောင့် ရရှိနိုင်မဲ့ Potential share value ကို တွက်ချက်ပြထားရာမှာ MTI သည် MNTH တွင် 10.73 % ပိုင်ဆိုင်ပြီး၊ MNTH သည် Mytel တွင် 12 % ပိုင်ဆိုင်ကြောင်း၊ ဒါကြောင့် MTI သည် Mytel တွင် 1.29 % ပိုင်ဆိုင်ကြောင်း၊ Mytel ရဲ့ တန်ဖိုးသည် 1 Billion USD ဟုယူဆပြီး Exchange rate ကို 1 USD = 2,000 MMK ဖြင့်တွက်မည်ဆိုပါက MTI ရဲ့ အစုရှယ်ယာတစ်စုရဲ့တန်ဖိုးသည် (၆၂,၀၀၀) ကျပ်ကျော် ဖြစ်ကြောင်း၊ အကယ်၍များ Mytel ကို 1.5 Billion USD လို့ တန်ဖိုးသတ်မှတ်မည်ဆိုပါက အစုရှယ်ယာတစ်စုရဲ့တန်ဖိုးသည် (၉၀,၀၀၀)ကျပ်ကျော် တန်သွားမှာဖြစ်ကြောင်း၊ ဒါသည် Mytel ရဲ့အလားအလာတစ်ခုတည်းကိုပဲ တွက်ချက်တာဖြစ်ကြောင်း၊ စသဖြင့်ရှင်းလင်းပြောကြားပါသည်။

ဆက်လက်ပြီး MTI အများပိုင်ကုမ္ပဏီရဲ့ Products များကို Presentation slide များဖြင့် တစ်ခုချင်းရှင်းလင်းပြောကြားခဲ့ပါသည်။ “Loyar Myanmar Co., Ltd.” နှင့်ပတ်သက်ပြီးပြောကြားရာတွင် “လိုရာသွား” နှင့် “လိုရာပို့” ဆိုပြီး App (၂) ခုရေးဆွဲထားကြောင်း၊ Individual အတွက်ကိုတင်မကပဲ Corporate များအတွက်ကိုလည်း Service ပေးနိုင်ရန် စီစဉ်ထားကြောင်း၊ “လိုရာသွား” မှာတော့ App ကနေ Taxi ခေါ်လို့ရသလို လမ်းတွင်တွေ့သည့် Loyar ဝင်ထားသည့် Taxi များကို လက်တားပြီး စီးနင်း၍လည်းရနိုင်ကြောင်း၊ “လိုရာပို့” ကတော့ ပစ္စည်းများပို့ဆောင်သည့်အခါ အသုံးပြုနိုင်မှာဖြစ်ပြီး၊ Contract စနစ်နဲ့လည်း ဆိုင်များကို ချိတ်ဆက်ဆောင်ရွက်ပေးလျှက်ရှိကြောင်း၊ Loyar Corporate service လေးကို အသေးစိတ်ရှင်းပြရာတွင် သူ့မှာ Real time tracking ပါဝင်တာကြောင့် အသုံးပြုသူဝန်ထမ်းများ သွားသည့်နေရာများကိုသိရှိနိုင်ကြောင်း၊ ခရီးစဉ်ပြီးဆုံးသွားပါကလည်း History ကို ပြန်လည်ကြည့်ရှုနိုင်ပြီး၊ စီးနင်းသူဝန်ထမ်းများအနေဖြင့်လည်း ငွေသားပေးစရာမလိုပဲ ကုမ္ပဏီကိုပဲ အကောင့်ဖြင့် Online က တစ်ဆင့်ပေးချေနိုင်ခြင်းကြောင့် အလုပ်ရှုတ်သက်သာစေမှာဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက်လည်း အလုပ်ချိန်ကို Assigned လုပ်ပြီး၊ ဒီ Service ကို အသုံးပြုလို့ရအောင်ထိန်းချုပ်နိုင်ပါကြောင်း၊ ဝန်ထမ်းတစ်ယောက်ချင်းစီကိုလည်း အချိန်များသတ်မှတ်ပြီး အသုံးပြု၍ရကြောင်း၊ တစ်လတစ်ကြိမ် Monthly Bill စနစ်ဖြင့် သွားမှာဖြစ်ပြီး၊ ဒါတွေကိုထိန်းချုပ်နိုင်ရန် Admin desk board တစ်ခုလည်း ပေးမှာဖြစ်ကြောင်း၊ ဒီ Service ကို စတင်အသုံးပြုရန် ကုန်ကျမှာတွေကတော့ Initial



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

Platform Setup fee အဖြစ် ၁၀၀,၀၀၀/- ကျပ် ကောက်ခံမှာဖြစ်ကြောင်း၊ လစဉ်အသုံးပြုတဲ့ Taxi fee ရဲ့ 5 % ကိုတော့ Administrative fee အနေနဲ့ယူကြောင်း၊ 2 % ကတော့ Late fee အနေနဲ့ ကောက်ခံမှာဖြစ်ကြောင်း၊ သို့ပေမဲ့လည်း MTI အများပိုင်ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်ကုမ္ပဏီများကိုတော့ Initial Setup fee ၁၀၀,၀၀၀/- ကျပ်ကို Waive လုပ်ပေးမှာဖြစ်ကြောင်း၊ ဒါကြောင့် မိမိတို့ရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး ဒီ service ကို အသုံးပြုပေးကြဖို့တောင်းဆိုချင်ပါကြောင်း၊ စသဖြင့်ပြောကြားပြီး Product များကို Video clip ဖြင့်ရှင်းလင်းပြသခဲ့ပါသည်။

ဆက်လက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းရပ်များအား ရှင်းလင်းတင်ပြရာတွင် Payment Gateway Platform ကို MPSS အတွက် လုပ်ဆောင်ရန်ရှိကြောင်း၊ E- Commerce Platform ရေးဆွဲရန်လည်း စီစဉ်နေပြီး၊ Member directory ရေးဆွဲရန်လည်း Propose လုပ်ထားကြောင်း၊ Clinical Management system ဟာဆိုရင်လည်း ဆေးရုံတစ်ခုမှာရှိတဲ့ ဆရာဝန်များ၊ ဝန်ထမ်းများနဲ့ ဌာနအားလုံးကို ချိတ်ဆက်နိုင်တဲ့စနစ်တစ်ခုကိုလည်း Propose လုပ်ထားလျှက်ရှိရာ Approve တော့မရသေးကြောင်း၊ နောက်ဆုံးတစ်ခုကတော့ VAS mobile App ဖြစ်ပြီး Mobile Operator များနဲ့ချိတ်ဆက်ကာ VAS တွေထည့်သွင်းဖို့ကြိုးစားလျှက်ရှိကြောင်း၊ အစုရှယ်ယာရှင်များအနေနဲ့လည်း MTI ကို ဆက်လက်ပံ့ပိုးပေးသွားကြဖို့၊ အထူးသဖြင့် "လိုရာ" အောင်မြင်ရေးအတွက် ပံ့ပိုးပေးကြပါလို့ တောင်းဆိုရင်း နိဂုံးချုပ်ပါကြောင်း၊ စသဖြင့်ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၅) အရ** - စာရင်းစစ်အဖွဲ့ဝင်ဖြစ်သည့် ဒေါ်ခင်နှင်းဝေက စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြား အတည်ပြုရာတွင် -

"လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များရှင်၊ ကျွန်မကတော့ **"Win Thin & Associate"** စာရင်းစစ်အဖွဲ့က စာရင်းစစ်မန်နေဂျာ ဒေါ်ခင်နှင်းဝေပဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့ **"Win Thin & Associate"** ၏ စာရင်းစစ်များကိုယ်စား Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဦးစွာပထမပြောကြားလိုပါတယ်။" စသဖြင့် အစချီပြီး MTI အများပိုင်ကုမ္ပဏီ၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလ၏ နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာကိုလည်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်စာနှင့်တကွ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်း၊ အဆိုပါအစီရင်ခံစာတွင်ပါရှိသော **"Win Thin နှင့် အဖွဲ့စာရင်းစစ်များ"** ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း၊ပြောကြားပြီး၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားအတည်ပြုခဲ့ပါသည်။

**အစီအစဉ် (၆) အရ** - အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့်မေးမြန်းချက်များနှင့်ပတ်သက်ပြီး ဒါရိုက်တာအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထား



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm

ကြိုးစားရာမှာ “လိုရာ” Application ကို ထုတ်လုပ်ဖြစ်ခဲ့ပြီး ၂၀၂၀ မှာ စတင်လုပ်ဆောင်ခဲ့ကြောင်း၊ Launch လုပ်မဲ့အချိန်မှာ Pandemic နဲ့ကြုံတွေ့ခဲ့ရကာ၊ လမ်းပေါ်မှာလုပ်ရမည့်အလုပ်ဖြစ်တာကြောင့် ရပ်ဆိုင်းထားခဲ့ရကြောင်း၊ တခြားသောနိုင်ငံရေးအခက်အခဲများနဲ့လည်း ကြုံခဲ့ရကြောင်း၊ အဲဒါတွေကြောင့်လည်း အစုရှယ်ယာရှင်များကို Dividend မပေးနိုင်တာလည်းပါကြောင်း၊ “လိုရာ” ကတော့ အခုအခါ ရန်ကုန်မြို့တွင်း Taxi များမှာ တော်တော်များများ သုံးလာကြပြီး Promotion များလည်း လုပ်ဆောင်လျှက်ရှိကြောင်း၊ အခုအခါမှာ Garb နဲ့ ကျွန်တော်တို့ “လိုရာ” ပဲရှိပြီး၊ “လိုရာ” ဟာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များစုပေါင်း လုပ်ဆောင်တာဖြစ်ကြောင်း၊ စိန်ခေါ်မှုအနေနဲ့ကတော့ နိုင်ငံတကာကုမ္ပဏီနဲ့ ပြိုင်ဆိုင်ရတာဖြစ်ကြောင်း၊ ဒါကြောင့် အစုရှယ်ယာရှင်များအားလုံးကိုလည်း ဖိတ်ခေါ်ချင်တာကတော့ “လိုရာ” ကို အားလုံးဝိုင်းဝန်းပြီး ကူညီဆောင်မကာ Promote လုပ်ပေးကြစေလိုပါကြောင်း၊ ရှေ့ပိုင်းမှာလည်း CEO ပြောသွားခဲ့သလို VAS service, Online auction တို့ကိုလည်း ဆက်လက်လုပ်ဆောင်သွားရန်ရှိကြောင်း၊ MTI အများပိုင်ကုမ္ပဏီဟာဆိုရင် MCF, MCIA နဲ့ MCPA တို့ကနေ ပေါက်ပွားလာတာဖြစ်လို့ ဒီအသင်းတွေရဲ့ ကိုယ်စား တချို့သောလုပ်ငန်းတွေမှာလည်း ပူးပေါင်းပြီးလုပ်ဆောင်သွားချင်ပါတယ်ဆိုတာကို ပြောကြားလိုပါကြောင်း၊ ဒါ့အပြင် ရှေ့ကနောင်တော်လို့ပြောလို့ရမဲ့ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ MICTDC နဲ့လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ယခုခေတ်အချိန်ဟာဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုပြီးကောင်းမွန်တဲ့ အချိန်အခါဖြစ်ကြောင်း၊ ပြောကြားရင်းနိဂုံးချုပ်ပါကြောင်း၊ စသဖြင့်ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၁၀) အရ -** ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း အခမ်းအနားမှူးကကြေညာပြီး MTI အများပိုင်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို ညနေ (၄း၀၀) နာရီတွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

| **အစည်းအဝေးမှတ်တမ်းတင်သူ** | **အတည်ပြုသူ** |
|---|---|
| သူရ | ထင်အောင်ခိုင် |
| Manager | Chairman |
| MTI Corporation | MTI Corporation |

Myanmar Technologies and Investment Corporation



Address: First Floor / Building 9 / MICT Park, Hlaing Township, Yangon, Myanmar 11052
Tel: +95-1-2305213, Email: officemticorp@gmail.com, office@mti.com.mm
URL: www.mti.com.mm